မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 6 , 2023 Volume 63, Number 4

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ပြခန်း တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား


https://www.commerce.gov.mm


https://www.commerce.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့၊ (၀၈:၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင်၌ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အထိမ်း အမှတ်ပြခန်းဆောင် တည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့၊ (၁၀:၀၀) နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အစည်းအဝေးခန်းမ (YACL) တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူးက အမှာစကားပြောကြားရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ယခု အချိန်၌ ပြည်တွင်း/ပြည်ပလေကြောင်းလိုင်း အဝင်အထွက်များပြားလာပြီး တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် အထူးဂရုပြုစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် တန်ဖိုးမြင့်ပစ္စည်းများကို တန်ဖိုးနည်းပစ္စည်း အသွင်ဆောင်၍ တင်သွင်းလာခြင်းများကိုလည်း စစ်ဆေးဖော်ထုတ်သွားကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။ ထို့နောက်တက်ရောက်လာကြသည့် အထူးအဖွဲ့

| ၆.၂.၂၀၂၃ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၂.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၁.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၀.၆၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၃.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၇၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက လုပ်ငန်းများဆောင်ရွက်နေမှုများ၊ တွေ့ကြုံနေရသည့်အခက်အခဲများအား ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ကော်မတီအတွင်းရေးမှူးက သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1% 80%80% E1%80%BA% E1%80%86%E1%80%AF%E1%80%B6%E1%80%B8%E1%80%9B–

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁၀ လနီးပါးအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ပဲမျိုးစုံ ၁၃၈၉၉၈၈ တန်ကျော်တင်ပို့မှုမှ ဒေါ်လာ ၁၀၇၉ ဒသမ ၅၆၈ သန်းရရှိ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁၀လ နီးပါးအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ပဲမျိုးစုံ ၁၃၈၉၉၈၈ တန်ကျော်တင်ပို့မှုမှ ဒေါ်လာ ၁၀၇၉ ဒသမ ၅၆၈ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၂၇ ရက်အထိ ပင်လယ်ရေကြောင်း မှ ၁၂၁၄၆၉၈ ဒသမ ၀၉၃ တန် တင်ပို့မှုမှ ဒေါ်လာ ၉၅၅ ဒသမ ၃၅၁ သန်း၊ နယ်စပ်မှ ၁၇၅၂၉၀ ဒသမ ၇၇၂ တန် တင်ပို့မှုမှ ဒေါ် လာ ၁၂၄ ဒသမ ၂၁၇ သန်းဖြင့် စုစုပေါင်း တန်ချိန် ၁၃၈၉၉၈၈ဒသမ ၈၆၅ တန် တင်ပို့ မှုမှ ဒေါ်လာ ၁၀၇၉ ဒသမ ၅၆၈ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တို ဘာမှ စက်တင်ဘာလကုန်အထိ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ ဒေါ်လာသန်း ၁၅၇၀ ကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကထက် ဒေါ်လာ ၃၇၄ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလကုန်အထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ဒေါ်လာ ၉၆၆ ဒသမ ၄၀၇ သန်း၊ နယ်စပ်မှ ဒေါ်လာ ၆၀၄ ဒသမ ၃၀၀ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၁၅၇၀ ဒသမ ၇၀၇ သန်းရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆ သန်းကျော်တင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၂ ဘီလျံနီးပါး ရရှိထားပြီး ယခင်နှစ်ထက် တင်ပို့မှုတန်ချိန် နှစ်သောင်းသုံးထောင်ကျော် လျော့ကျခဲ့သော်လည်း ဝင်ငွေဒေါ်လာသန်း ၁၉၀ နီးပါးအထိ ပိုမိုရရှိခဲ့သည်။

တစ်နှစ်အတွင်း နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့မှုမှ ဒေါ်လာသန်း ၃၀၀ နီးပါးရရှိခဲ့ပြီး ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၈၈ သန်းကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နယ်စပ် မှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့ရာ၌ မတ်ပဲတင်ပို့မှုမှ ဒေါ်လာ သုည ဒသမ ၅၈ သန်း၊ ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၈၈ ဒသမ ၆၇ သန်း၊ ပဲစင်းငုံတင်ပို့မှုမှ ဒေါ်လာ သုည ဒသမ ၂၉ သန်း၊ ကုလားပဲ တင်ပို့မှုမှ ဒေါ်လာ သုည ဒသမ ၃၇ သန်း၊ ပဲလွန်းတင် ပို့မှုမှ ဒေါ်လာ ၉ ဒသမ ၀၈ သန်း၊ ထောပတ်ပဲ တင်ပို့မှုမှ ဒေါ်လာ ၂၀ ဒသမ ၉၈ သန်း၊ မြေ ထောက်ပဲတင်ပို့မှုမှ ဒေါ်လာ ၁၄ ဒသမ ၁၉ သန်း၊ အခြားပဲများတင်ပို့မှုမှ ဒေါ်လာ ၆၄ ဒသမ ၅၅ သန်း ရရှိခဲ့သည်။

တစ်နှစ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့မှုမှ ဒေါ်လာသန်း ၇၇၀ ကျော် ရရှိခဲ့ပြီး မတ်ပဲတင်ပို့မှုမှ ဒေါ်လာ ၄၃၆ သန်းကျော်နှင့် ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၂၂၄ သန်းကျော် ရရှိခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစသည့် ပဲအမျိုးအစားသုံးခုကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်းဖြစ်သည်။

ယင်းတို့အနက် မတ်ပဲနှင့်ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့်ဥရောပနိုင်ငံ တချို့သို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံ စိုက်ဧက ၁၁ သန်းကျော်ရှိပြီး မတ်ပဲနှင့်ပဲစင်းငုံ စိုက်ပျိုးမှု ၃၅ ရာခိုင်နှုန်းကျော်ရှိသည်။

မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၈ မျိုးကို နှစ်စဉ်စိုက်ဧက စုစုပေါင်း ၁၁ ဒသမ ၄၅ သန်းခန့် စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်း ၂၆ ရာခိုင်နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း၊ ကုလားပဲရှစ်ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/244049

## လာမည့်ကာလများတွင် ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများ ပြန်လည်ဦးမော့လာနိုင်ပြီး AMATA အနေဖြင့် ဟိုတယ်များဖွင့်လှစ်ခြင်း၊ လူစီးမီးပုံးပျံ ပျံသန်းခြင်းကို ပုဂံသာမက အခြားဒေသများ၌ပါ တိုးချဲ့နိုင်ရန် ဆောင်ရွက်လျက်ရှိ

လာမည့်ကာလများတွင် မျှော်လင့်နိုင်သောအခြေအနေများဖြစ်ပေါ်သည်မှအပ ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများ ပြန်လည်ဦးမော့လာနိုင်ပြီး AMATA အနေဖြင့် ဟိုတယ်များဖွင့်လှစ်ခြင်း၊ လူစီးမီးပုံးပျံ ပျံသန်းခြင်းကို ပုဂံဒေသသာမက အခြားဒေသများ၌အပါ တိုးချဲ့ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ AMATA (အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ထုတ်ပြန်ထားသည်။

AMATA ၏အဓိကဝင်ငွေသည် အပန်းဖြေဟိုတယ်များနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးသော နှစ်ဝက်ဘဏ္ဍာရေးကာလအတွင်း လုပ်ငန်းအနေဖြင့် ခရီးသွားလာမှုနည်းပါးသော ကာလများပါဝင်နေသည့်အားလျော်စွာ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးကာလအား ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက လုပ်ငန်းမှရရှိသော ဝင်ငွေသည် ၃၁ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

အခြားဝင်ငွေ(other income) တိုးတက်လာခြင်း၏ အကြောင်းအရင်းမှာ ကြိုတင်ကောက်ခံရရှိထားသော အခန်းငှားရမ်းခအချို့သည် လာရောက်တည်းခိုခြင်းမရှိသည့်အတွက် လုပ်ငန်း၏ဝင်ငွေဖြစ်လာသောကြောင့်ဖြစ်သည်။ လုပ်ငန်း၏ အခြားကုန်ကျစရိတ်များ (other expenses) မှ အချို့စရိတ်များဖြစ်သော စီမံရေးရာနှင့်အထွေထွေ ကုန်ကျစရိတ်များနှင့် sales and marketing ကုန်ကျစရိတ်များကို စိစစ်သုံးစွဲခဲ့သော်လည်း ကုမ္ပဏီ၏ ယခုဘဏ္ဍာရေးကာလတွင် စုစုပေါင်း အသားတင်အမြတ်အစား အသားတင်အရှုံး မြန်မာကျပ်ငွေ ၆ ဒသမ ၃ ဘီလျံကျော်ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ပေါ်ပေါက်ခဲ့ရခြင်းမှာ ယခုတင်ပြသော ဘဏ္ဍာရေးကာလသည် ခရီးသွားလာမှုနည်းပါးသည့် ကာလဖြစ်သည့်အလျောက် လုပ်ငန်းဝင်ငွေကျဆင်းခဲ့ခြင်းနှင့် လစဉ်ငွေလဲလှယ်မှု သတ်မှတ်ဈေးနှုန်းပြောင်းလဲမှုနှင့်အညီလိုက်၍ ပြန်လည်တန်ဖိုးသင့်ရသော နိုင်ငံခြားဈေးငွေကြောင့် ပေါ်ပေါက်လာသည့် ငွေကြေးပြောင်းလဲဖော်ပြခြင်းအရှုံး(Unrealised Exchange Loss) ၄ ဒသမ ၄၈ ဘီလျံကြောင့်ဖြစ်ကြောင်းစသည်တို့ကို ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များတွင် အစုရှယ်ယာမတည်ရင်းနှီးငွေ၊ ထိန်းသိမ်းထားရှိသော အမြတ်ငွေလက်ကျန်နှင့် ထိန်းချုပ်ထားခြင်းမရှိသော အကျိုးခံစားခွင့်တို့ ပါဝင်သည်။ ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုသည် ယခင်ဘဏ္ဍာရေး ကာလနှင့်နှိုင်းယှဉ်ကြည့်ပါက ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် ကုန်ဆုံးသောနှစ်ဝက်ဘဏ္ဍာရေးကာလတွင် ၂၁ ဒသမ ၄၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ထိုသို့ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ လက်ရှိဘဏ္ဍာရေးကာလသည် Low Season အတွင်းကျရောက်နေပြီး ခရီးသွားလာမှုနည်းပါးသည့်အတွက် လုပ်ငန်းဝင်ငွေကျဆင်းခဲ့ပြီး ငွေလဲလှယ်မှုဈေးနှုန်း ပြောင်းလဲမှုနှင့်အညီလိုက်၍ ပြန်လည်တန်ဖိုးသင့်ရမှုတို့ကြောင့်ဖြစ်ကြောင်းသိရသည်။

ကုမ္ပဏီအနေဖြင့် လာမည့်ခရီးသွားရာသီတွင် လုပ်ငန်းအုပ်စု၏ ဝင်ငွေပိုမိုရရှိစေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်း၊ ပြည်ပခရီးသွားဝင်ရောက်မှု နည်းပါးနေသေးသည့်အတွက် ပြည်တွင်းခရီးသွားများကို အဓိကဦးတည်သည့် အရောင်းမြှင့်တင်ရေးအစီအမံများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခြင်းနှင့် ပြောင်းလဲနေသောစီးပွားရေးအခြေအနေ၊ ဈေးကွက်လိုအပ်ချက်များနှင့်ကိုက်ညီသော မဟာဗျူဟာများချမှတ်ခြင်းအစရှိသည့် ကြိုတင်ပြင်ဆင်မှုများကိုသာမက လုပ်ငန်းလည်ပတ်စရိတ်နှင့် အခြားစရိတ်စကများလျှော့ချခြင်းအတွက် လိုအပ်သောကြိုတင်ပြင်ဆင်မှုများကိုပါ စီမံဆောင်ရွက်လျက်ရှိပြီး အစုရှယ်ယာရှင်များ၏ အနာဂတ်အကျိုးစီးပွားအတွက် အကောင်းဆုံးပြင်ဆင်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/244035

## ပြည်ပဈေးကွက်၌ ငရုတ်သီးစိမ်းကျဆင်းသော်လည်း ငရုတ်သီးခြောက်ဈေးကွက် အလားအလာကောင်းလာနိုင်



မကွေးဂျာနယ်

ပြည်တွင်းမှထွက်ရှိသော ငရုတ်သီးစိမ်းများမှာ ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံမှ ယခင်နှစ်များက ဝယ်လိုအားကောင်းခဲ့၍ ဈေးကောင်းရရှိခဲ့ပြီး လက်ရှိတွင် ပြည်ပဝယ်လိုအားမရှိဘဲ ဈေးကျဆင်းလျက်ရှိသော်လည်း ငရုတ်သီးခြောက်ဈေးကွက် အလားအလာကောင်းနိုင် ကြောင်း ငရုတ်သီးအစုအဖွဲ့မှ ဒေါ်ဥမ္မာကပြောသည်။

ငရုတ်သီးစိမ်းများကို တရုတ်ဘက်မှ ဝယ်လိုအားမရှိဖြစ်နေပြီး ထိုင်းဘက်တွင် ဝယ်လိုအား အနည်းငယ်သာရှိ၍ ဖေဖော်ဝါရီ ၂ ရက်က နယ်စပ်ပေါက်ဈေးမှာ တစ်ကီလိုလျှင် ယိုးဒယားငွေ ၂၈ ဘတ်ထိ ကျဆင်းသွားသည်ဟုဆိုသည်။ “ငရုတ်သီးစိမ်းက ထိုင်းဈေးကွက်မှာ တစ်ကီလိုဘတ်ငွေ ၅၀ ကျော်ထိ ရခဲ့ကြတယ်။ ခုပေါက်ဈေးက ဘတ် ၃၀ ကနေ ၂၈ ဘတ် ဖြစ်သွားတော့ ဈေးထပ် ကျသွားတယ်။ ပြည်တွင်းက ငရုတ်သီးစိမ်းတွေ ရောင်းပေးတဲ့ ထိုင်းနယ်စပ်မှာ ပွဲရုံတွေအများကြီးရှိခဲ့ရာက ခုဆို တစ်ခုထဲ ရှိတော့တာကိုကြည့်ရင် ထိုင်းငရုတ်ဈေးကွက်အခြေအနေ ခန့်မှန်းလို့ရတယ်”ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် တရုတ်နှင့်ထိုင်းဘက်မှ ငရုတ်သီးများ စိုက်ပျိုးထွက်ရှိချိန်ဖြစ်သောကြောင့် မြန်မာငရုတ်မှာ ဝယ်လိုအားမရှိသလောက် နည်းပါးသွားကြောင်း၊ ပြည်တွင်းမှ ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်သီးစိမ်းများကို အခြောက်လှမ်း၍ ငရုတ်သီးခြောက်ဈေးကွက် ကောင်းနိုင်သည့်အတွက် ပြင်ဆင်ထားသင့်ကြောင်းသိရသည်။ “ ငရုတ်သီး ဈေးကောင်းတယ်လို့ပြောကြပေမယ့် တကယ်လက်တွေ့မှာ ဈေးပေးဝယ်တာမရှိသလောက်ပဲ။ ပြည်ပဝယ်လိုအားမရှိတော့ ပြည်တွင်းမှာပိုလျှံနေတယ်။ ငရုတ်သီးခြောက်မှ ဈေးကောင်းရနိုင်တာကြောင့် အခြောက်လှမ်းပြီး ငရုတ်သီးခြောက် ဈေးကွက် ကိုစောင့်သင့်တယ်” ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်းငရုတ်သီးစိမ်းများမှာ လာမည့်မတ်လဝန်းကျင်တွင် ဒေသအသီးသီးမှ ငရုတ်သီးစိမ်းများ ထွက်ရှိတော့မည် ဖြစ်၍ လက်ရှိ ဈေးကွက်တွင် တစ်ပိဿာငွေကျပ် ၂၂၀၀၊ ၂၄၀၀ ကျပ်ဝန်းကျင်နှင့် တချို့ဒေသများတွင် ငွေကျပ် ၁၈၀၀၊ ၂၀၀၀ ကျပ် ဝန်းကျင်ပေါက်ဈေးရှိရာ ငရုတ်စိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေသကဲ့သို့ အရောင်းအဝယ်အေးနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပို့ကုန်ကန့်သတ်မှုကြားထဲကပင် အိန္ဒိယဆန်တင်ပို့မှု စံချိန်တင်

အိန္ဒိယအစိုးရက ပြည်ပဆန်တင်ပို့မှုအပေါ် ကန့်သတ်ခဲ့တာတွေရှိပေမဲ့ ၂၀၂၂ ခုနှစ်အတွင်း အိန္ဒိယဆန်တင်ပို့မှု စံချိန်တင် ပမာဏအထိ ရောက်ရှိမြင့်တက်ခဲ့ပါတယ်။

အိန္ဒိယဘက်က အခွန်ထပ်တိုးတာတွေရှိပေမဲ့ အခြားနိုင်ငံဆန်တွေထက် ဈေးပိုသက်သာနေသေးတာကြောင့် ဝယ်လက် တွေက ဆက်လက်ဝယ်ယူခဲ့ကြတာလို့ အစိုးရတာဝန်ရှိသူတွေနဲ့ ဆန်လုပ်ငန်းရှင်တွေက ပြောပါတယ်။ မိုးခေါင်မှုနဲ့ ယူကရိန်းအပေါ် ရုရှားကျူးကျော်စစ်တို့ကြောင့် ဂျုံနဲ့အခြားသီးနှံတွေ ရောင်းအားထိခိုက်နေချိန်မှာ အိန္ဒိယက ဆန်ကို စံချိန်တင် တင်ပို့ရောင်းချပေးခဲ့တဲ့အတွက် အာရှနဲ့အာဖရိကနိုင်ငံတွေဟာ အခြေခံသီးနှံဆန်ကို ချောချောမွေ့မွေ့ ဝယ်ယူ နိုင်ခဲ့ကြပါတယ်။

ကမ္ဘာ့ဆန်တင်ပို့အများဆုံး အိန္ဒိယနိုင်ငံဟာ မိုးမကောင်းလို့ ဆန်စပါးထုတ်လုပ်မှု ကျဆင်းခဲ့တဲ့အတွက် ပြီးခဲ့တဲ့နှစ် စက်တင်ဘာလထဲမှာ ဆန်ကွဲတင်ပို့မှုကိုပိတ်ပင်ပြီး ဘာစမာတီမဟုတ်တဲ့ အခြားဆန်အမျိုးအစားတွေ တင်ပို့မှုအပေါ်မှာ အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့ပါတယ်။

ဒီလိုတွေကြားထဲကပဲ အိန္ဒိယရဲ့ ၂၀၂၂ ဆန်တင်ပို့မှုဟာ အရင်နှစ်ထက် ၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ကာ တန်ချိန် ၂၂ ဒသမ ၂၆ သန်းထိ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ တနည်းအားဖြင့် အိန္ဒိယနောက်မှာ ဆန်တင်ပို့မှုအများဆုံးအဖြစ် ရပ်တည် နေတဲ့ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အမေရိကန်ပြည်ထောင်စုတို့ လေးနိုင်ငံပေါင်း တင်ပို့မှုထက်ပိုများကြောင်း အစိုးရ ထိပ်တန်းအရာရှိတစ်ဦးက ရိုက်တာသတင်းဌာနကိုပြောပါတယ်။ သူဟာ မီဒီယာနဲ့တွေ့ဆုံပြောဆိုခွင့်ရှိသူ မဟုတ်တာ

TIR

ကြောင့် သူဘယ်သူဆိုတာတော့ ထုတ်ပြောဖို့ငြင်းဆန်ခဲ့ပါတယ်။ "အစိုးရက အခွန်စည်းကြပ်ပြီးနောက်ပိုင်း ဆန်တင်ပို့မှု ကျသွားပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ ပြန်တက်လာပါတယ်။ ဒီဇင်ဘာတစ်လတည်းတင် အိန္ဒိယက ဆန်တန်ချိန် နှစ်သန်းကျော် တင်ပို့နိုင်ခဲ့ပါတယ်" လို့ အဲဒီအရာရှိက အင်္ဂါနေ့မှာ ပြောခဲ့ပါတယ်။

၂၀၂၂ ခုနှစ်ထဲမှာ ရိုးရိုးဆန်တင်ပို့မှု ၁၇ ဒသမ ၈၆ သန်းရှိခဲ့ပြီး အကောင်းစား ဘာစမာတီဆန်တင်ပို့မှုတန်ချိန် ၄ ဒသမ ၄ သန်း ရှိခဲ့တယ်လို့ တာဝန်ရှိသူက ပြောပါတယ်။ အိန္ဒိယဟာ ရိုးရိုးဆန်ကို အာဖရိကနဲ့အာရှဈေးကွက်တွေဆီ အဓိကတင်ပို့ပြီး ဘာစမာတီဆန်ကိုတော့ အရှေ့အလယ်ပိုင်း၊ အမေရိကန်ပြည်ထောင်စုနဲ့ ဗြိတိန်နိုင်ငံတို့ထံ တင်ပို့လေ့ရှိပါတယ်။

ရိုးရိုးဆန်တွေအပေါ် အခွန်တင်လိုက်ပြီးနောက် အိန္ဒိယဆန်ဈေး တက်သွားခဲ့ပေမယ့် ထိုင်း၊ ဗီယက်နမ်တို့ ရောင်းတဲ့ နှုန်းက ပိုကြီးမြင့်နေသေးတာကြောင့် ဝယ်လက်တွေဟာ အိန္ဒိယဆီပဲ ပြန်လာကြတယ်လို့ Olam India ဆန်လုပ်ငန်းရဲ့ ဒုတိယဥက္ကဋ္ဌ Nitin Gupta က ပြောပါတယ်။

အိန္ဒိယဆန်ဟာ ဈေးအသက်သာဆုံးဖြစ်တာကြောင့် ၂၀၂၃ ထဲမှာလည်း ပို့ကုန် အားကောင်းမြဲ အားကောင်းနေဦးမယ်လို့ ၎င်းကပြောပါတယ်။ အိန္ဒိယဟာ ၂၅ မှတ် ဆန်ဖြူတစ်တန်ကို ၄၃၀ ဒေါ်လာဝန်းကျင် ရောင်းချနေချိန်မှာ ဗီယက်နမ်က အလားတူဆန်ကို ဒေါ်လာ ၄၄၀ ဝန်းကျင်၊ ထိုင်းက ဒေါ်လာ ၅၀၀ ဝန်းကျင်နဲ့ ရောင်းချလျက်ရှိကြောင်း ကုန်သည် တစ်ယောက်က ပြောပါတယ်။

အိန္ဒိယက ဆန်ပမာဏ တိုးမြှင့်တင်ပို့ခဲ့ပေမယ့် ပြည်တွင်းမှာ ရောင်းအားအများအပြား ကျန်နေသေးတယ်လို့ အိန္ဒိယ ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ B.V. Krishna Rao က ပြောပါတယ်။

**Ref: Export curbs fail to arrest India's booming rice shipments –sources**

https://greenwaymyanmar.com/posts/India_Rice_Export_Record_break

## ယခုနှစ် ထောပတ်သီးရာသီချိန်တွင် လေကြောင်းကုန်သွယ်မှုမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ထောပတ်သီးတန်ချိန် ၁၀၀ တင်ပို့ထား


https://www.myawady.net.mm/node/36385

ယခုနှစ် ထောပတ်သီးရာသီချိန်တွင် လေကြောင်းကုန်သွယ်မှုမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ထောပတ်သီးတန်ချိန် ၁၀၀ တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO) ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ထောပတ်သီးတင်ပို့ရာတွင် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလမှ ယခုနှစ် ဇန်နဝါရီလအထိ မလေးရှားနိုင်ငံသို့ လေကြောင်းကုန်သွယ်မှုမှ တင်ပို့ခဲ့ခြင်းဖြစ်သည်။ “ဒီနှစ် ထောပတ်သီးရာသီချိန်မှာ လေကြောင်းကုန်သွယ်မှုကနေတစ်ဆင့် မလေးရှားနိုင်ငံကို ထောပတ်သီးတန်ချိန် ၁၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ မလေးရှားနိုင်ငံကို နမူနာစမ်းသပ်ပြီးတင်ပို့ခဲ့တာပါ” ဟု ဦးမျိုးညွန့်ကပြောသည်။

ထိုသို့တင်ပို့ရာတွင် မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနှင့် ထောပတ်သီးစိုက်ပျိုးသည့် တောင်သူများစုဖွဲ့ထားသည့် Shan Avocado ကုမ္ပဏီတို့ပူးပေါင်း၍ တောင်သူများ တိုက်ရိုက်တင်ပို့ခြင်းကြောင့် မှာယူသည့် မလေးရှားကုမ္ပဏီမှ ထောပတ်သီး 1 Kg လျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဒေါ်လာရရှိခဲ့ကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ပြီးခဲ့သည့်နှစ်က ပြင်သစ်နှင့်ထိုင်းနိုင်ငံတို့၌ ပြုလုပ်ခဲ့သည့် ကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ပြသခဲ့ရာ စပိန်၊ ဒူဘိုင်း၊ ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဟောင်ကောင်စသည့်နိုင်ငံများမှ စိတ်ဝင်စားမှုရှိသည့် ကုမ္ပဏီပေါင်း ၁၀၀ ကျော်ဖြင့် ချိတ်ဆက်နိုင်ခဲ့ပြီး၊ ယင်းတို့အနက် စိတ်ဝင်စားမှုပိုမိုများပြားသည့် ကုမ္ပဏီ ၄၀ ကျော်ဖြင့် ဆက်လက်၍ ချိတ်ဆက်တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ တင်ပို့ရာတွင် မလေးရှားနိုင်ငံအပြင် ဥရောပနိုင်ငံများသို့ပါ ထောပတ်သီးတန်ချိန် ၅၀ နှင့် ထိုင်းနိုင်ငံသို့လည်း ထောပတ်သီး ကွန်တိန်နာတစ်လုံး တရားဝင်စမ်းသပ်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်အတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ထောပတ်သီးတန်ချိန် တစ်သောင်းခွဲမှ နှစ်သောင်းခန့် တင်ပို့နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၌ ထောပတ်သီးကို ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးလေ့ရှိကြောင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၌ တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံ၊ လွိုင်လင်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၌ လားရှိုး၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုနှင့်မန္တလေးတိုင်းဒေသကြီး၌ ပြင်ဦးလွင်၊ မိုးကုတ်ဒေသများ၌ စိုက်ပျိုးကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/36385

## ခုနစ်လကျော် ကာလအတွင်း တရုတ်နိုင်ငံသို့ ကဏန်းတန်ချိန် ငါးထောင်ကျော်နှင့် ငါးရှဉ့်တန်ချိန် တစ်သောင်းနီးပါး တင်ပို့နိုင်ခဲ့



https://www.myawady.net.mm/node/36338

မြန်မာ့ရေထွက်ကုန်ဖြစ်သည့် ကဏန်းအရှင်နှင့် ငါးရှဉ့်အရှင်များကို တရုတ်နိုင်ငံသို့ မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်ပို့လျက်ရှိရာ ၂၀၂၂ ခုနှစ် ဇွန်လမှ ယခုနှစ် ဇန်နဝါရီလအထိ ခုနစ်လကျော်ကာလအတွင်း ကဏန်းတန်ချိန် ငါးထောင်ကျော်နှင့် ငါးရှဉ့်တန်ချိန် တစ်သောင်းနီးပါး တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ကဏန်းအရှင်နှင့်ငါးရှဉ့်အရှင်များ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိခဲ့ရာမှ ၂၀၂၂ ခုနှစ် ဇွန် ၂၀ ရက်ကစ၍ ပြန်လည်တင်ပို့နိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကဏန်းတန်ချိန် ၅၈၄၂ ဒသမ ၄၃၈ တန် တင်ပို့မှုမှ ၁၆၇၇၉၆၈၆၃၂၈၄ ယွမ်၊ ငါးရှဉ့်တန်ချိန် ၉၇၃၉ ဒသမ ၄ တန် တင်ပို့မှုမှ ၂၄၁၀၆၉၉၅၁ ဒသမ ၅၆ ယွမ် ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းကုမ္ပဏီများနှင့် တရုတ်နိုင်ငံရှိ ကုမ္ပဏီများကြား ကုမ္ပဏီချင်း ချိတ်ဆက်၍ တရားဝင် တင်ပို့လျက်ရှိရာ ၂၀၂၂ ခုနှစ် ဇွန် ၂၀ ရက်မှ ၃၀ ရက် အထိ ကဏန်း ၁၇၁ ဒသမ ၆၃၈ တန်နှင့် ငါးရှဉ့် ၅၀ ဒသမ ၀၈ တန်၊ ဇူလိုင်လက ကဏန်း ၉၄၂ ဒသမ ၅၄၃ တန်နှင့် ငါးရှဉ့် ၁၅၆၈ ဒသမ ၄၈ တန်၊ ဩဂုတ်လက ကဏန်း ၉၂၅ ဒသမ ၁၅၅ တန်နှင့် ငါးရှဉ့် ၂၁၄၇ ဒသမ ၉၆ တန်၊ စက်တင်ဘာလက ကဏန်း ၈၄၈ ဒသမ ၀၉၅ တန်နှင့် ငါးရှဉ့် ၂၃၈၂ ဒသမ ၅၆ တန်၊ အောက်တိုဘာလက ကဏန်း ၆၃၂ ဒသမ ၅၀၇ တန်နှင့် ငါးရှဉ့် ၁၆၈၄ ဒသမ ၆ တန်၊ နိုဝင်ဘာလက ကဏန်းတန်ချိန် ၆၂၀ နှင့် ငါးရှဉ့် ၈၃၇ ဒသမ ၃၂ တန်၊ ဒီဇင်ဘာလက ကဏန်း ၆၅၃ ဒသမ ၇၅ တန်နှင့် ငါးရှဉ့် ၃၆၆ ဒသမ ၉၂ တန်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလက ကဏန်း ၁၀၄၈ ဒသမ ၇၅ တန်နှင့် ငါးရှဉ့် ၇၀၁ ဒသမ ၄၈ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/36338

## ဇန်နဝါရီလ ၃၀ မှ ဖေဖော်ဝါရီလ ၃ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်

**ဆန်၊ စပါး**

ဆန်ဈေးတွေရော စပါးဈေးတွေပါ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ လာမယ့် ဖေဖော်ဝါရီလ အလယ်လောက်မှာ သင်္ဘောတင်ပို့မှုရှိတဲ့အတွက် ဈေးကွက်အတွင်း ဝယ်ယူမှုများပြားနေတယ်လို့သိရပါတယ်။ ထို့ပြင် ဈေးတွေဆက်တိုက်မြင့်တက်နေတဲ့အတွက် ဆက်ပြီးတက်မည်ကိုစိုးရိမ်ပြီး ဝယ်ယူမှုများနေတာကပိုပြီး ဈေးတက်စေတယ်လို့ ဆန်ကုန်သည်တွေက ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ရောဝတီတိုင်းဈေးကွက်မှာတော့ စပါးဈေးတွေ အဆမတန်မြင့် တက်နေတဲ့အတွက် ဈေးကွက်ထိန်းချုပ်မှု ပြုလုပ်နေတယ်လို့သိရပါတယ်။ ဈေးကွက်အတွင်းမှာတော့ စပါးလက်ကျန်တွေ မရှိတော့တဲ့အတွက် ဆက်ပြီးဈေးတက်နိုင်ဦးမယ်လို့ ဆန်ကုန်သည်ကြီးတွေကဆိုပါတယ်။

ရန်ကုန်ဝါးတန်းဈေးကွက်မှာ ပေါ်ဆန်းသစ် (နယ်စုံ၊ဖျာပုံ၊မြောင်းမြ၊ဒေးဒရဲ)တို့က တစ်အိတ်ကို ၆၃၀၀၀ ကနေ ၇၂၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၅၀၀၀ကျပ် ဈေးမြင့်တက်လာပါတယ်။ တစ်လအတွင်း တစ်အိတ်ကို ၁၀၀၀၀ ကျော် ဈေးမြင့်တက်လာပါတယ်။

ရွှေဘိုပေါ်ဆန်းအသစ်ကတော့ တစ်အိတ်ကို ၇၈၀၀၀ ကနေ ၈၈၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၄၀၀၀ ကျပ် ဈေးတက်လာပြီး တစ်လအတွင်း တစ်အိတ်ကို ၁၅၀၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။ ဆန်ကြမ်းတွေဖြစ်တဲ့ ဧည့်မထဆန်၊ မြီးဒုံးဆန်၊ ရက် ၉၀ ဆန်တို့ကလည်း တစ်အိတ်ကို ၂၅၀၀ ကနေ ၉၀၀၀ ကြား ဈေးမြင့်တက်လာပါတယ်။

ဧရာဝတီတိုင်းဈေးကွက်မှာလည်း ပုသိမ်၊ မြောင်းမြ၊ ဒေးဒရဲ၊ ဖျာပုံ၊ ပေါ်ဆန်းစပါးတို့က တင်း ၁၀၀ ကို ၁၃ သိန်း ၇ သောင်းကနေ ၁၅ သိန်း ၅ သောင်းကြားပေါက်ဈေးရှိနေပြီး တင်း ၁၀၀ ကို ၄၀၀၀၀ ကနေ ၁၃၀၀၀၀ ကြား ဈေး မြင့်တက်လာပါတယ်။ ဆန်ကလည်း တစ်အိတ်ကို ၅၄၀၀၀ ကနေ ၆၅၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၅၀၀၀ ကနေ ၁၀၀၀၀ ကြားဈေးမြင့်တက်လာပါတယ်။

ဒုတိယတန်းစားစပါးတွေဖြစ်တဲ့ ဧည့်မထစပါးတွေက တင်း ၁၀၀ ကို ၁၁ သိန်း ၉ သောင်းကနေ ၁၃ သိန်းနီးပါး ပေါက်ဈေးရှိနေပြီး တင်း ၁၀၀ ကို ၉၀၀၀၀ ကနေ ၁၆၀၀၀၀ ထိ ဈေးမြင့်တက်လာပါတယ်။ ဆန်ဈေးကလည်း ၄၄၀၀၀ ကနေ ၅၀၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၄၀၀၀ ကနေ ၇၀၀၀ ကြားဈေးမြင့်တက်လာပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ တစ်တန်ကို ၁၈ သိန်းကျော်ထိ မြင့်တက်လာခဲ့ပြီး တစ်ပတ်အတွင်း တစ်တန်ကို ၁ သိန်း ကျော်ဈေး မြင့်တက်လာခဲ့ပါတယ်။ ပြည်တွင်းမှာ မတ်ပဲ အများကြီးမထွက်သေးတဲ့အပြင် အဝင်ရှိသလောက်သွက်နေတယ်လို့ သိရပါတယ်။ ထို့ပြင် အမြင့်ဈေးနဲ့မိထားတဲ့ အဟောင်းလက်ကျန်တွေရှိနေတာဖြစ်တဲ့အတွက် ဈေးကိုဆွဲတင်နေတာ ဖြစ်တယ်လို့ ပဲကုန်သည်အချို့က ဆိုပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ မတ်ပဲ ဝယ်လိုအားကောင်းပြီး ဈေးတက်ပေမယ့် ပဲမရှိဘူးလို့ သိရပါတယ်။ ပြည်တွင်းပဲလိုအပ်ချက် များနေတဲ့ အိန္ဒိယက မြန်မာ့မတ်ပဲကို ဆက်ပြီးဝယ်ယူသွားနိုင်လို့ ဈေးက ဆက်တိုက်တက်ဖို့ရှိနိုင်တယ်လို့ Current content က ရေးသားထားတဲ့ အိန္ဒိယဘာသာပြန်သတင်းမှာ ဖော်ပြထားပါတယ်။

ပြည်တွင်း မတ်ပဲလှိုင်ချိန်မှာတော့ ဈေးချဝယ်ယူမှုတွေရှိလာနိုင်တဲ့အတွက် လတ်တလော ရေတိုကာလမှာတော့ မတ်ပဲ ဈေးကကောင်းနေနိုင်ဦးမယ်လို့ ကုန်သည်တွေဆိုပါတယ်။ အိန္ဒိယကလည်း မြန်မာ့မတ်ပဲထွက်ရှိနှုန်းကို စောင့်ကြည့်နေတာ ဖြစ်တဲ့အတွက် ပြည်တွင်းလှိုင်ချိန်မှာ ဈေးချဝယ်ယူတာမျိုး မူဝါဒပြောင်းလဲတာမျိုးလုပ်ဆောင်နိုင်လို့ စောင့်ကြည့် ရမယ့်အခြေအနေဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၈ သိန်း ၂သောင်းနီးပါးပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့နှိုင်းယှဉ်ရင် တစ်တန်ကို တစ်သိန်းနီးပါးဈေးမြင့်တက်လာပါတယ်။ တစ်လအတွင်း တစ်တန်ကို ၁၅၀၀၀၀ နီးပါးဈေးမြင့်တက်လာပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၇၈၀၀၀ ကနေ ၁၈၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၂၀၀၀ ကျပ် ဈေးတက်ပါ တယ်။ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၇၀၀၀ ကနေ ၆၀၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်ပတ်အတွင်းမှာတော့ ၅၀၀၀ နီးပါး ဈေးမြင့်တက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း တစ်တန်ကို ၁၉ သိန်းကျော်ထိ ဈေးမြင့်တက်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ လလယ်ပိုင်းလောက်ထိ ဈေးကွက်ကငြိမ်နေခဲ့ရာမှ ဇန်နဝါရီနောက်ဆုံးအပတ်မှ စတင်ဈေးမြင့်တက်လာခဲ့တာဖြစ်ပါတယ်။ ပဲစင်းငုံနီက ပြည်တွင်း ထွက်ရှိမှုနှုန်းနည်းမယ်ဆိုတဲ့ ခန့်မှန်းချက်တွေနဲ့ အိန္ဒိယနိုင်ငံရဲ့ ပဲစင်းငုံနီလိုအပ်ချက်တွေကြောင့် လှောင်လက်တွေက အများအပြား ဝယ်ယူနေတယ်လို့ သိရပါတယ်။ လက်ရှိမှာလည်း အဝင်ရှိသလောက် အဝယ်ကလည်းရှိနေပြီး အိန္ဒိယနိုင်ငံ အပြင် တရုတ်တင်ပို့မှုလည်း ရှိနေတယ်လို့သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၁၉ သိန်း ၅ သောင်းပေါက်ဈေးရှိနေပြီး တစ်တန်ကို ၁၂၅၀၀၀ ကျပ် ဈေးတက်လာပါတယ်။ တစ်လအတွင်း တစ်တန်ကို ငွေကျပ် ၂ သိန်းဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၈၄၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို၁၂၀၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ မုံရွာနှင့် အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၆၀၀၀၀ ကနေ ၆၂၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၄၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

**ပြောင်းဆန်**

ပြောင်းဈေးကတော့ ဆက်တိုက်မြင့်တက်နေပေမယ့် မန္တလေးဈေးကွက်မှာတော့ အနည်းငယ်ပြန်အေးသွားပါတယ်။ ထိုင်းနိုင်ငံက ပြောင်းတင်ပို့မှုကို အခွန်ကင်းလွတ်ခွင့် ပြန်ပေးလိုက်တဲ့အတွက် ဆက်ပြီးတက်နိုင်ဦးမယ်လို့ ပြောင်းကုန်သည်တွေက ခန့်မှန်းထားကြပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း တရုတ်တင်ပို့မှုမရှိပေမယ့် ထိုင်းနိုင်ငံကို တင်ပို့နေရတဲ့အတွက် ပြောင်းက ဈေးကောင်းရခဲ့ပါတယ်။ ဒီနှစ်မှာတော့ တရုတ်နယ်စပ်ဂိတ်တွေလည်းပြန်ဖွင့်နေပြီး အဝယ်ရှိနေတဲ့အတွက် ပြောင်းက ယခုနှစ်မှာ စံချိန်တင်ဈေးကောင်းရနိုင်တယ်လို့ ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပြောင်းဆံက တစ်ပိဿာကို ၁၂၈၀ ကနေ ၁၃၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀ ကျပ်ဈေးတက်လာပါတယ်။ တစ်လအတွင်း တစ်ပိဿာကို ၁၃၀ ကျပ်ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းက တစ်အိတ်ကို ၆၄၀၀၀ ကနေ ၆၅၀၀၀ ကြားပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ ဇမာပြောင်း၊ ရှမ်းပြောင်းတို့ကလည်း တစ်အိတ်ကို ၆၂၀၀၀ ကနေ ၆၆၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၀၀ ကျပ်ဈေးတက်လာပါတယ်။ ပြောင်းနီအသစ်ကတော့ တစ်အိတ်ကို ၇၃၀၀၀ နဲ့ဈေးဖွင့်ပါတယ်။ မုံရွာဈေးကွက်မှာလည်း စီပီပြောင်းက တစ်တင်းကို ၂၂၇၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၇၀၀ ကျပ်ဈေးတက်လာပါတယ်။

**Source: AMIA**

https://t.me/htwettoe

## တစ်ပတ်တာ အာရှဆန်ဈေးကွက် (အိန္ဒိယဆန်၊ ထိုင်းဆန်၊ ဗီယက်နမ်ဆန်)

ထိုင်းကုန်သည်များသည် မတ်လအစတွင် ဆန်သစ်များရရှိကြမည်။ ဗီယက်နမ်သည် ဇန်နဝါရီလတွင် ဆန်တန်ချိန် ၄၀၀,၀၀၀ တင်ပို့ခဲ့သည်။ အိန္ဒိယကုန်သည်များ ဆန်ဝယ်ယူရရှိဖို့ အကန့်အသတ်ရှိနေသည်။

ထိပ်တန်းတင်ပို့သူ အိန္ဒိယ၏ ၅% ဆန်ကွဲပါ ပေါင်းဆန် <RI-INBKN5-P1> အမျိုးအစားသည် ခေါ်ဈေးတစ်တန်လျှင် ယခင်အပတ်က $387-$395 ရှိခဲ့ပြီး ယခုအပတ်တွင် $393-$398 သို့ မြင့်တက်သည်။

အစိုးရက အရန်ဆန် ထားရှိရန် စပါးများ စံချိန်တင် ဝယ်ယူနေသဖြင့် ကုန်သည်များ ဆန် ဝယ်ယူရရှိဖို့ အကန့်အသတ်ရှိနေသည်။ ၅% ဆန်ကွဲပါ ထိုင်းဆန် <RI-THBKN5-P1> အမျိုးအစား တစ်တန် $500 မှ $495 သာသာသို့ ဈေးကျသည်။ ဝယ်လိုအားကျဆင်းသဖြင့် ဈေးကျဆင်းသည်။ မတ်လဆန်း ဆန်သစ်ပေါ်သည့်အခါ ဈေးကွက်ထဲ ဆန်သစ်များ ရောက်လာပြီး ဈေးနှုန်း အပြောင်းအလဲဖြစ်ပေါ်မည်။

၅% ဆန်ကွဲပါ ဗီယက်နမ်ဆန် <RI-VNBKN5-P1> အမျိုးအစား ဈေးမပြောင်းသည်မှာ ၂ ပတ်ကျော်သွားပြီဖြစ်သည်။ ခေါ်ဈေးတစ်တန် $445-$450 ရှိသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5732-asia-rcie-feb-3.html

# STOCK EXCHANGE (6.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Feb. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,853 (Shares) | 19,305,650 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,600 | 8,600 | 8,500 | 432 | 3,687,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,300 | 3,350 | 3,300 | 598 | 1,973,650 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 2,250 | +0 | +0.00% | 2,200 | 2,250 | 2,200 | 5,589 | 12,498,400 | 24,720,530 | 55,621 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 234 | 1,146,600 | 10,497,598 | 51,438 |

## Market summary

As of 6th Feb. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 392.64 | -3.02 | -0.76% | 393.83 | 395.66 | 392.64 | 6,853 | 19,305,650 | 7 | 683,042 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Feb. 2023

| Trading Volume | Trading Value |
|---|---|
| 6,853 (Shares) | 19,305,650 (MMK) |

## Main Board

As of 1:00 pm, 6th Feb. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,853 (Shares) | 19,305,650 (MMK) |

| MYANPIX | 392.64 ▼ 3.02 |
|---|---|
| Total Volume (shares) | 6,853 |
| Total Value (MMK) | 19 mil |
| Listed Company | 7 |
| Market Cap. (MMK) | 683,042 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,250 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |